# Highlights from DVB Debate’s Aung Sann’s Legacy Show

## 2/7/15

## “Does Aung Sann’s Legacy inspire new generations?”

“ဗိုလ်ချုပ်လို စိတ်ဓာတ်နဲ့ တိုင်းရင်းသားလူငယ်တွေလဲ အများကြီးရှိပါတယ်။ သို့သော် သူတို့ခေါင်းဆောင်မှုနေရာရောက်ဖို့ဆိုတာ. အခုအခြေအနေတွေအရ တိုင်းရင်းသားလူငယ်တွေကို ခေါင်းဆောင်အဖြစ် လက်ခံနိုင်တဲ့အနေအထားရှိရဲ့လားဆိုတာ စိုးရိမ်မိတယ်”

ချယ်ရီဇာဟောင် - လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

“ဗိုလ်ချုပ်လိုသာ တကယ် တော်ရင် ဗမာဖြစ်ဖြစ်၊ ကချင်ဖြစ်ဖြစ်၊ ရှမ်းဖြစ်ဖြစ် ခေါင်းဆောင်ဖြစ်မှာပဲလေ မေးခွန်းထုတ်စရာကို မလိုဘူး။”

ကောင်းသန့် - မြန်မာနိုင်ငံစာရေးဆရာအသင်း

---

“ဗိုလ်ချုပ်အောင်ဆန်းဟာ သူကိုယ်တိုင် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ခေါင်းဆောင်ဖြစ်နေသော်လည်း ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်တို့လို လူကြီးတွေကိုလဲ ကတ်ဘိနက်မှာပါဝင်စေတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် သူဟာ လူငယ်ဖြစ်သော်ငြား လူကြီးတွေကို နေရာပေးတယ်၊ အကြံဉာဏ်တွေကို ဆည်းကပ်တယ်ဆိုတာ တွေ့ရတယ်။”

အေးနေဂင်း - ဗိုလ်ချုပ်နေဂင်း၏ မြေး

---

“လူငယ်တွေဟာ ဗိုလ်ချုပ်လို စိတ်ဓာတ်၊ ဗိုလ်ချုပ်လို အရည်အချင်းရှိခဲ့ရင်တောင်မှ အခုခေတ်မှာ တပ်ထဲမဝင်ရင် ခေါင်းဆောင်ဖြစ်နိုင်ပ့ါမလားဆိုတာ မေးစရာဖြစ်နေတယ်”

အေးမြမြမျိုး - ပရိသတ်

---

“ကျမဖတ်ခဲ့ရတဲ့ သမိုင်းစာအုပ်တအုပ်မှာ ဗိုလ်ချုပ်ဟာ အုပ်ချုပ်ရေးပိုင်းဝင်တော့မယ့်အချိန်မှာ စောစမစ်ထွန်းကို တပ်ကိုအုပ်ချုပ်ခိုင်းတယ်. ပရော်ဖက်ရှင်နယ်စစ်တပ်ဖြစ်အောင်လုပ်ခိုင်းခဲ့ပြီးတော့ တပ်နဲ့နိုင်ငံရေးကို ခွဲပေးခဲ့တာ။ လူငယ်တွေ ဗိုလ်ချုပ်လိုဖြစ်လာဖို့ စစ်တပ်ကနေထွက်လာမှရယ်လို့ မဟုတ်ပါဘူး။ ဗိုလ်ချုပ်ကိုယ်တိုင်ကိုက စာပေသမားလဲဖြစ်တယ်၊ တက်ကြွလှုပ်ရှားသူလဲဖြစ်ပါတယ်။”

ချယ်ရီဇာဟောင် - လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

---

"ဗိုလ်ချုပ်ကို တမ်းတ တမ်းတနေမယ့်အစား သူ့အကြောင်းတွေဖတ်ပြီး အားကျတယ် အားကျတယ်ပဲပြောနေမယ့်အစား သူ့လိုဖြစ်အောင်ဘယ်လိုလုပ်မလဲ၊ သူ့လို နိုင်ငံကို တကယ်တိုးတက်အောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတဲ့ ရှုထောင့် စဉ်းစားစေချင်ပါတယ်"

တင့်ဇော်ဟိန်း - မကွေးတိုင်းဒေသကြီးလူငယ်ကွန်ရက်

"ဗိုလ်ချုပ်ဟာ ကိုယ်ကျိုးစွန့်တယ်၊ သူ့အကျိုးစီးပွားဘာမှမလုပ်ဘဲ အများအကျိုးလုပ်သွားတာလေ တိုင်းပြည်တပြည်မှာ အာဇာနည်၊ ဂုဏ်ပြုထိုက်သူတွေရှိတယ်လေ။ အာဇာနည်ဆိုတာ မတမ်းတသင့်ဘူးလား မေးချင်တယ်။"

ကောင်းသန့် - မြန်မာနိုင်ငံစာရေးဆရာအသင်း